# ယေရှု၏ရှေ့နှလုံးတော်ပွဲနေ့ကြီး

ရှင်ယောဟန် ၁၉း၃၁-၃၇

”ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့” လို့ ယေရှုဘုရားရှင်က ဖိတ်ခေါ်နေပါတယ်။ သူတစ်ပါးကို စိတ်ရှည်လက်ရှည်နဲ့ချစ်ဖို့ တော်တော်ခက်ကြပါတယ်။ ဘုရားကချစ်သလိုမျိုး ချစ်နိုင်ဖို့ ဝန်လေးနေကြပါတယ်။ မိဘက သားသမီးကို ချစ်ဖို့၊ အထူးသဖြင့် ကိုယ့်ခင်ပွန်း ဆုံးပါးသွားလို့ ကိုယ်တစ်ယောက်တည်းကပဲ သားသမီးတွေကို ကြည့်ရတဲ့မိဘဆိုရင် ပိုတောင်ခက်ပါသေးတယ်။ ကိုယ့်အပေါ် သစ္စာမရှိတဲ့ခင်ပွန်းကို ချစ်ဖို့ကလည်း မလွယ်ပါဘူး။

အခုတော့ “ဝန်လေး၍ပင်ပန်သောသူအပေါင်းတို့ ငါထံသို့လာကြလော့” တဲ့ ။ ဘယ်သူက ဖိတ်ခေါ်တာလဲ။ ဘုရားလည်းဖြစ်တယ်၊ လူသားလည်းဖြစ်တဲ့ သခင်ယေရှုက ဖိတ်ခေါ်တာပါ။ ကျနော်တို့ကလည်း ချစ်နိုင်တဲ့ခွန်အားရှိဖို့ သခင်ယေရှုထံ သွားမှဖြစ်မယ်။ ဒါနဲ့ သခင်ယေရှုကရော ဘာကြောင့် ချစ်နိုင်တဲ့ခွန်အားရှိရတာလဲ။ သူလည်း ချစ်နိုင်တဲ့ခွန်အားကို ဘယ်ကရတာလဲ။ ခမည်းတော်ဘုရားကို သိလို့ ရရှိတာပါ။ သင်လည်း ဘုရားကို သိကျွမ်းကြည့်ပါ့လား၊ ချစ်နိုင်လာပါလိမ့်မယ်။ “ငါ့ခမည်းတော်သည် ခပ်သိမ်းသောအရာတို့ကို ငါ့အားလွှဲအပ်တော်မူပြီ။ ခမည်းတော်မှတစ်ပါး မည်သူကမျှ သားတော်ကို မသိ။ ခမည်းတော်ကိုလည်း သားတော်နှင့် သားတော်ဖော်ပြလိုသောသူများမှတစ်ပါး အခြားမည်သူမျှ မသိ။” လို့ ကျမ်းစာထဲမှာ တွေ့ရပါတယ်။

သခင်ယေရှုက ခမည်းတော်ဘုရားကို သိတယ်၊ ဖအေတူသားလိုပေါ့။ အဖေနဲ့ တစ်ထည်ရာတည်းပဲ။ ခမည်းတော်ဘုရားက ဘယ်လောက်ချစ်တတ်သလဲဆိုတာ သခင်ယေရှုကို ကြည့်။ သခင်ယေရှုကို ကြည့်ရင် “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏” ဆိုတာကို နားလည်သဘောပေါက်ပါလိမ့်မယ်။ ချစ်ခြင်းမေတ္တာဟာ သခင်ယေရှုတရားတော်တွေအားလုံးရဲ့ အနှစ်ချုပ်ဖြစ်ပါတယ်။

သခင်ယေရှုက ဘုရားကို ချီးမွမ်းရာမှာ “ကောင်းကင်နှင့် ကမ္ဘာမြေကြီးကို အစိုးရတော်မူသောအဖ” လို့ ခေါ်ထားတာကို တွေ့ရပါတယ်။ ကျနော်တို့လည်း ဘုရားကို ကောင်းကင်နဲ့ မြေကြီးရဲ့အရှင်သခင်၊ ကိုယ့်ဘဝရဲ့ အဓိက အရှင်သခင်လို့ ဦးထိပ်ပန်ထားရပါမယ်။ ဘုရားကို ကိုယ့်ရဲ့အရှင်သခင်လို့ မသိမှတ်ပဲ ကိုယ့်ကိုယ်ကိုသာ ကိုးကွယ်ရာအဖြစ် သတ်မှတ်တဲ့လူတွေကြောင့် ကမ္ဘာကြီးမှာ မငြိမ်းချမ်းနိုင်တာပါ။ ဘုရားဆိုတာ ကမ္ဘာကြီးကို ဖန်ဆင်းတဲ့အရှင်သခင် ဖြစ်ရုံမကဘူး အဲဒီဘုရားကို သင်က ပေါင်းသင်းဆက်ဆံနိုင်တဲ့ အဖ ဖြစ်တော်မူပါတယ်။ ဖန်ဆင်းတဲ့အရှင်သခင်က သင့်ရဲ့အဖ ဖြစ်ရုံတင်မကဘူး သင့်ကို ချစ်လို့ ရွေးကောက်တော်မူတဲ့ဘုရား ဖြစ်ပါတယ်။ သင် ကောင်းလို့ ရွေးကောက်ထားတာ မဟုတ်ဘူးနော်။ ဒါကြောင့် သင့်ကို ခရစ်ယာန်အဖြစ် ရွေးကောက်ထားလို့ ဘုရားကို သင်က ကျေးဇူးတင်ရဲ့လား။ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို ခရစ်ယာန်တစ်ယောက်ပါလို့ သူတစ်ပါးရှေ့မှာ သက်သေခံဖို့ ရှက်နေတာလား။ သခင်ယေရှုက ကားတိုင်ပေါ်မှာ အသေခံခဲ့တာကလည်း သင့်ကို ချစ်လို့ပါ။ ဘုရားက ကျနော်တို့ကို ချစ်တယ်ဆိုတာ ပေါ်လွင်ပါတယ်။

ရှင်ယောဟန် (၁) ၄း၉ - ငါတို့သည် သားတော်အားဖြင့် အသက်ရှင်နိုင်ကြရန် ဘုရားသခင်သည်

မိမိ၏တစ်ပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူခဲ့ခြင်းအားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ငါတို့အလယ်တွင် ပေါ်လွင်ထင်ရှားခဲ့၏။

ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အစွမ်းအစနဲ့ ဘုရားကို ချစ်ဖို့ ၊ သူတစ်ပါးကို ချစ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘုရားသခင်ဆီက ချစ်တာကို ခံစားရတဲ့သူတွေကသာလျှင် ချစ်နိုင်ကြတာပါ။ ဥပမာ - ကိုယ့်အပေါ် သစ္စာမရှိတဲ့ခင်ပွန်းကို ချစ်ရတာ လွယ်သလား။ ဆင်းရဲတဲ့ကြားထဲက သားသမီးတွေကို ပညာသင်ပေးပြီး ပြုစုစောင့်ရှောက်ရတာ လွယ်သလား။ သက်ကြီးရွယ်အို အဖိုးအဖွားကို ပြုစုစောင့်ရှောက်ရတာ လွယ်သလား။ အေး - ဘုရားချစ်တာ ခံစားမိတဲ့လူ၊ ဘုရားကို ဆည်းကပ်နေတဲ့လူတွေကတော့ ချစ်ရတာ၊ ပြုစုစောင့်ရှောက်ပေးရတာ လွယ်ပါတယ်။ ဘုရားအချစ်ကို စဉ်းစားဆင်ခြင်နေတဲ့သူဟာ သူတစ်ပါးကိုလည်း ချစ်နိုင်ကြပါတယ်။ ယေဇူးရှဲ့နှလုံးတော်ကို ကြည့်ပြီး ရှိသေဆည်းကပ်ကြတဲ့မိသားစုတွေအဖို့ တစ်ယောက်ကိုတစ်ယောက် ချစ်ရတာ လွယ်ကူကြပါတယ်။

တစ်ချို့ လင်မယားတွေက ဘုရားကျောင်းမှာလက်ထပ်ခဲ့ကြပေမဲ့ ဆက်လက်ပြီး တစ်ယောက်ကိုတစ်ယောက် ဘုရားအချစ်မျိုးနဲ့ ချစ်ကြတာမဟုတ်ပဲ လူ့အချစ်နဲ့ပဲ ချစ်ကြလို့ လင်မယား ကွာရှင်းပြတ်စဲခြင်းတွေ ဖြစ်လာရပါတယ်။ ဘုရားအချစ်ဆိုတာက ခွင့်လွှတ်နားလည် သည်းခံစိတ်ရှည် အနစ်နာခံတတ်တဲ့အချစ်မျိုးပါပဲ။ လူ့အချစ်ကတော့ သိတဲ့အတိုင်းပဲ တစ်ကိုယ်ကောင်းဆံတယ်။ အနစ်နာ မခံဘူး။ "ငါနဲ့ အဆင်ပြေအောင်နေနိုင်ရင် နေ ၊ မနေနိုင်ရင် သွားတော့ ။ ငါ့အမေနဲ့ တည့်အောင်နေနိုင်ရင်နေ ၊ မနေနိုင်ရင် လစ်တော့ " ဆိုပြီး သူ့ကို ချစ်ဖို့၊ အရေးပေးဖို့ ၊ စိတ်ချမ်းသာအောင်ထားဖို့ မစဉ်းစားတော့ဘူး။ "သင့်ကို ရာသက်ပန် ချစ်ခင်လေးစားနိုင်ရန် မရှိမတူ၊ ရှိအတူ၊ အေးအတူပူအမျှ၊ ကျန်းမာသည်ဖြစ်စေ၊ မကျန်းမာသည်ဖြစ်စေ သင့်အား(သင့်အား) သစ္စာရှိရှိ ပေါင်းသင်းပါမည်ဟု ဂတိပြုပါတယ်ဆို၊ ဘုရားရှေ့မှာ သစ္စာဆိုခဲ့တယ်ဆို ။

ဒါဆို ကျနော်တို့ ချစ်နိုင်အောင် ဘယ်လိုလုပ်ရပါ့မလဲ ။ ယေဇူးဘုရားရှင်က "ငါ့ထမ်းပိုးကို ယူ၍ထမ်းလျက် ငါ့ထံမှ သင်ယူကြလော့။ အကြောင်းမူကား ငါသည် သိမ်မွေ့၍နှိမ့်ချသောစိတ်နှလုံးရှိ၏" လို့ မိန့်တော်မူပါတယ်။ နူးညံ့သိမ်မွေ့ပြီး နှိမ့်ချတဲ့ ယေဇူးရှဲ့နှလုံးတော်ထံမှ သင်ယူကြပါ။ သင့်မိသားစုမှာ အပြောအဆိုတွေ အပြုအမူတွေ နူးညံ့သိမ်မွေ့ ကြည့်ပါ့လား။ ဘာရန်ဖြစ် စကားများစရာ ရှိအုံးမှာလဲ။ သင်ကိုယ်တိုင်က နှိမ့်ချတဲ့စိတ်နှလုံး ရှိကြည့်ပါလား။ ဒါကြောင့် နူးညံ့သိမ်မွေ့ခြင်းနဲ့ နှိမ့်ချခြင်းကို ယေဇူးရှဲ့နှလုံးတော်ထံမှ သင်ယူပါ။ နောက်ပြီး "ငါ့ထမ်းပိုးကို ယူ၍ထမ်းပါ။ ငါ့ထမ်းပိုးက ထမ်းလွယ်၏။ ငါ့ဝန်သည်လည်း ပေါ့၏" တဲ့ ။ နွားကို ထမ်းပိုးတင်တဲ့ပုံစံအတိုင်း ဝန်ထုတ်ဝန်ပိုးကို ခံယူပါ။ ကိုယ့်ဘဝကို ဘုရားလက်တော်ထဲ အပ်နှံပါ။ ဒါကြောင့် သခင်ယေဇူးကိုယ်တော်တိုင်က ဒုက္ခခံထမ်းတဲ့အခါ "ကိုယ်တော်၏အလိုတော်အတိုင်း ဖြစ်ပါစေ" လို့ ကိုယ့်ကိုယ်ကို အဖဘုရားထံတော်မှာ ပူဇော်အပ်နှံပါတယ်။ ဒါကြောင့်လည်းပဲ ဘယ်ဒုက္ခမဆို သူခံထမ်းနိုင်တာပေါ့။

ရှင်ပေါလူးကိုလည်း ကြည့်ပါ့လား။ ဒုက္ခမျိုးစုံကို ဘယ်လိုစိတ်ထားနဲ့ ခံယူနိုင်ခဲ့တာလဲ။ ရှင်ပေါလူးလည်း သူ့ခန္ဓာကိုယ်ထဲဝင်နေတဲ့ ဆူးငြောင့်ကို ဖယ်ရှားပေးဖို့ ဘုရားထံမှာ ခဏခဏ ဆုတောင်းပေမဲ့ မရပါဘူး။ ဒါနဲ့ ဘုရားက "ငါ၏ကျေးဇူးတော်သည် သင့်အတွက် လုံလောက်ပေ၏" (ကော်ရိန္သု (ဒု) ၁၂း၉) လို့ ဘုရားက ပြန်ဖြေတော်မူပါတယ်။ ဘုရားသခင်ရဲ့ကျေးဇူးတော်တွေ အများကြီးခံစားရတဲ့ရှင်ပေါလူးကို ဘဝင်မမြင့်စေဖို့ စာတန်နတ်ဆိုးရဲ့စေတမန်နဲ့တူတဲ့ ဆူးငြောင့်ကို သူ့ကိုယ်ခန္ဓာထဲ သက်သက်မဲ့ ထားပေးထားတာတဲ့။

အခက်အခဲကြုံတွေ့တိုင်းမှာ ကိုယ့်ဘက်က အကောင်းဆုံးကြိုးစားဖြေရှင်းပါ။ ကျန်တာတော့ သခင်ယေရှူ ဖြေရှင်းသလိုဖြေရှင်းဖို့ သူ့ထမ်းပိုးကို သူထမ်းတဲ့နည်းအတိုင်း ထမ်းကြပါစို့ ။ ဒီအခါ သင် ဝန်လေးနေတဲ့ဟာတွေက ပေါ့သွားပါလိမ့်မယ်။ မယုံရင် စမ်းကြည့်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။